# မွန်လူ့ထုအသံ

The Mon Forum

HUMAN RIGHTS NEWSLETTER

အတွဲ(၈) ၊ အမှတ်(၁) ဖေဖော်ဝါရီလ ၂၈ ၊ ၂၀၂၃

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်မှ ထုတ်ဝေသည်။


# ကျုံဒိုးတစ်ဝိုက်တွင် အခြေအနေပြန်လည်ငြိမ်သက်လာသော်လည်း စစ်ဘေးရှောင်များ နေရပ်မပြန်ရဲသေး




စာမျက်နှာ (၂) သို့


## INSIDE


ကျုံဒိုးတိုက်ပွဲကြောင့် နေအိမ် (၁၀) လုံးကျော် မီးလောင်ပြီး (၂) လုံး ထိခိုက်ပျက်စီး — စာမျက်နှာ (၄) သို့

သံဖြူဇရပ်–ရေးကားလမ်းပိုင်းတွင် ပစ်ခတ်မှုမကြာခဏဖြစ်ပွားနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံနေ — စာမျက်နှာ (၅) သို့

တောင်စွန်းတိုက်ပွဲတွင် အရပ်သား (၁၄) ဦး သေဆုံးပြီး ထောင်ချီ စစ်ဘေးရှောင်နေရ — စာမျက်နှာ (၆) သို့

မွန်ပြည်နယ်တွင် မဲစာရင်းများကို နှုတ်မိန့်ဖြင့် ကောက်ခံနေ — စာမျက်နှာ (၇) သို့

စစ်ကောင်စီလက်ထက်တွင် ခိုးကိုးရာမဲ့ကလေးအရေအတွက် (၂) ဆ တိုးလာ — စာမျက်နှာ (၈) သို့


## သံဃာတစ်ပါးက အသက် (၁၁) နှစ်အရွယ်ကျောင်းသူကို ကိုယ်ဝန်ရသည်အထိ အကြိမ်ကြိမ်အဓမ္မပြုကျင့်



**ဇန်နဝါရီ ၁၈၊ ၂၀၂၂**

တနင်္သာရီတိုင်း မြိတ်မြို့နယ် မရင်းငယ်ဖျားကျေးရွာတွင် သံဃာတစ်ပါးက အသက် (၁၁) နှစ်အရွယ်ရှိ ကျောင်းသူတစ်ဦးကို အကြိမ်ကြိမ်အဓမ္မပြုကျင့်ခဲ့ရာမှ အဆိုပါကျောင်းသူတွင် ကိုယ်ဝန် (၄) လ ရရှိခဲ့ကြောင်း မိန်းကလေးငယ်၏ မိဘများက ပြောသည်။


စာမျက်နှာ (၃) သို့



HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)

www.rehmonnya.org

စာမျက်နှာ (၁) အဆက်

# ကျုံဒိုးတစ်ဝိုက်တွင် အခြေအနေပြန်လည်ငြိမ်သက်လာသော်လည်း စစ်ဘေးရှောင်များ နေရပ်မပြန်ရဲသေး



**ဖေဖော်ဝါရီ ၈၊ ၂၀၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ကမ်းနီး ကျေးရွာအနီး တစ်ဝိုက်တွင် ပြီးခဲ့သည့် ဇန်နဝါရီလ (၂၂) ရက်နေ့မှ (၂၆) ရက်နေ့အထိ စစ်ကောင်စီတပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲကြောင့် နေအိမ် (၂၆)လုံး မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၁၀,၀၀၀) ကျော် စစ်ဘေးရှောင်ခဲ့ရသည်။

“လက်ရှိမှာ အခြေအနေပြန်ငြိမ်သွားလို့ တစ်ချို့တွေ ကိုယ့်အိမ်ကိုယ်ပြန်ကြတယ်။ တစ်ချို့ကတော့ မပြန်ရဲသေးဘူး။ နီးစပ်ရာ ဆွေမျိုးတွေ ဘုန်းကြီးကျောင်းတွေမှာ ဆက်ပြီးနေ‚ နေကြတုန်းပဲ” ဟု ဒေသခံတစ်ဦးက ပြောသည်။

တိုက်ပွဲတွင် စစ်ကောင်စီဘက်က လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် ကျေးရွာများအတွင်း မပေါက်ကွဲသေးသည့်လက်နက်ကြီးကျည်များ ကျန်ရှိနေနိုင်ကြောင်း၊ သေချာစစ်ဆေးပြီးမှသာ နေရပ်ပြန်သင့်ကြောင့် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာများကို ရှင်းလင်းရေးလုပ်နေသူတစ်ဦးက ပြောသည်။

“စစ်ရေးလှုပ်ရှားမှု မရှိတော့ပေမဲ့ အခြေအနေကြည့်ပြီးမှ ပြန်လာကြဖို့ တိုက်တွန်းထားပါတယ်” ဟု ၎င်းက ပြောသည်။

စစ်ဘေးရှောင်များအနေဖြင့် မိမိနေရပ်သို့ အမြန်ဆုံး ပြန်လိုကြသော်လည်း တိုက်ပွဲ နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်ဟု သိရသည်။

“လက်ရှိမှာ အခြေအနေပြန်ငြိမ်သွားလို့ တစ်ချို့တွေ ကိုယ့်အိမ်ကိုယ်ပြန်ကြတယ်။ တစ်ချို့ကတော့ မပြန်ရဲသေးဘူး။ နီးစပ်ရာ ဆွေမျိုးတွေ ဘုန်းကြီးကျောင်းတွေမှာ ဆက်ပြီးနေ‚နေကြတုန်းပဲ”

# သံဃာတစ်ပါးက အသက် (၁၁) နှစ်အရွယ်ကျောင်းသူကို ကိုယ်ဝန်ရသည်အထိ အကြိမ်ကြိမ်အဓမ္မပြုကျင့်



**ဖေဖော်ဝါရီ ၃၊ ၂၀၂၃**

တနင်္သာရီတိုင်း မြိတ်မြို့နယ် မရင်းငယ်ဖျားကျေးရွာတွင် သံဃာတစ်ပါးက အသက် (၁၁) နှစ်အရွယ်ရှိ ကျောင်းသူတစ်ဦးကို အကြိမ်ကြိမ်အဓမ္မပြုကျင့်ခဲ့ရာမှ အဆိုပါကျောင်းသူတွင် ကိုယ်ဝန် (၄) လ ရရှိခဲ့ကြောင်း မိန်းကလေးငယ်၏ မိဘများက ပြောသည်။

"အရင်လက ရာသီမလာဘူး။ နောက်ပြီးကလေးကလည်း နေမကောင်းဖြစ်တော့ ဆေးခန်းသွားပြတယ်။ အဲချိန်မှာ ဆရာဝန်က ဘာမှမဖြစ်ဘူး ပြောလိုက်တယ်။ ကလေးဆိုတော့ (ကိုယ်ဝန်ရှိမယ်) မထင်ဘူးနေမှာပေ့ါ။ ဇန်နဝါရီလ (၁) ရက်နေ့မှာ ဆေးခန်းထပ်ပြပြီး သေချာစမ်းသပ်တော့မှ ကိုယ်ဝန် (၄) လ ရှိမှန်း သိခဲ့ရတယ်" ဟု မိဘဖြစ်သူက ပြောသည်။

ကိုယ်ဝန်ရှိမှန်း သိပြီးနောက် မိန်းကလေးငယ်ကို မေးမြန်းရာ အဆိုပါသံဃာက ၎င်းနေထိုင်သည့်ဘုန်းတော်ကြီးကျောင်းတွင် (၅) ကြိမ်ခန့် အဓမ္မပြုကျင့်ခဲ့သည်ဟု ဖြေကြားခဲ့သည်။

အဆိုပါအဓမ္မပြုကျင့်မှုကို ထုတ်ဖော်ပြောဆိုခြင်း မပြုရန်နှင့် ထုတ်ဖော်ပြောဆိုပါက မိန်းကလေးငယ်ကို သတ်ပစ်မည့်အပြင် မိဘများကိုလည်း ဒုက္ခရောက်အောင်လုပ်မည်ဟု ၎င်းသံဃာက ခြိမ်းခြောက်ခဲ့သည်။

"ဒီကလေးက ကျွန်မတို့ရဲ့ တစ်ဦးတည်းသောသမီးပဲ။ အဲဒီဘုန်းကြီးကို တစ်သက်လုံးထောင်ကနေ ထွက်မလာစေချင်ဘူး။ ထောင်ချပစ်မယ်။ သူ့သမီးအရွယ် မြေးအရွယ်ကိုမှ ကိုယ်ချင်းမစာ လုပ်ရက်တယ်" ဟု မိဘဖြစ်သူက ဆက်ပြောသည်။

ကျူးလွန်သူ အသသက် (၄၇) နှစ်အရွယ် သံဃာကို သက်ဆိုင်ရာတာဝန်ရှိ သံဃာတော်များ၊ အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းပြီးနောက် လူဝတ်လဲစေကာ မြိတ်မြို့ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

# ကျုံဒိုးတိုက်ပွဲကြောင့် နေအိမ် (၁၀) လုံးကျော် မီးလောင်ပြီး (၂) လုံး ထိခိုက်ပျက်စီး



**ဇန်နဝါရီ ၂၈၊ ၂၀၂၃**

၂၀၂၃ ဇန်နဝါရီလ (၂၅) နှင့် (၂၆) ရက်နေ့များတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကန်းနီကျေးရွာတွင် ဗမာစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး နေအိမ် (၁၀) လုံး မီးလောင်ခဲ့ပြီး (၂) လုံး ပျက်စီးခဲ့ကြောင်း ဒေသခံရွာသားတစ်ဦးက ပြောသည်။

"မီးလောင်လည်း လောင်ပေါ့၊ ဘယ်သူမှ သွားမငြှိမ်းရဲဘူး။ မနေ့ရော ဒီနေ့ပါဆိုရင် အိမ် (၁၀) လုံးကျော် မီးလောင်သွားတယ်" ဟု ကန်းနီရွာသားတစ်ဦးက ပြောသည်။

ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ကန်းနီကျေးရွာသို့ ဝင်ရောက်လာပြီး (၂၅) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့တို့က ကန်းနီကျေးရွာရှိ ပြည်သူ့စစ်ခေါင်းဆောင်၏ နေအိမ်ကို မီးရှို့ခဲ့သည်။ ထိုမှတဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ပြီး နောက်ထပ်နေအိမ် (၈) လုံး လောင်ကျွမ်းခဲ့သည်။

"ရွာသားအတော်များများတော့ ထွက်ပြေးသွားပြီ။ ကျောင်းထိုင်ဆရာတော်က အဖော်လုပ်ပေးပါလို့ ခေါ်ထားလို့ ကျွန်တော်က ဘုန်းကြီးကျောင်းမှာ နေရစ်ခဲ့တာ။ သူတို့(ပူးပေါင်းတပ်)က ပြည်သူ့စစ်အိမ်ကို မီးရှို့တော့ မီးခိုးတွေတက်လာတာ မြင်နေရတယ်။ မကြာဘူး တစ်ခြားအိမ်တွေပါ ကူးသွားတာ။ သူတို့လည်း မီးငြှိမ်းပေမဲ့ မနိုင်တော့ဘူး။ သူတို့မနိုင်မှ တခြားသူတွေကို မီးငြှိမ်းဖို့ ခေါ်တယ်။ အဲအချိန်ကျ အိမ်အတော်များများ လောင်ပြီးသွားပြီ" ဟု ၎င်းရွာသားက ဆက်ပြောသည်။

၎င်းပြင်ဗမာစစ်တပ်ကပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် နောက်ထပ်နေအိမ် (၂)ပျက်စီးခဲ့သည်ဟုသိရသည်။

**"(၂၆) ရက်နေ့မှာလည်း အုပ်ချုပ်ရေးမှူး နေအိမ် ထပ်အရှို့ခံလိုက်ရတယ်။ ခုတော့ ရွာထဲမှာ ဗမာစစ်တပ်ရော ကရင်စစ်တပ်ရော မရှိတော့ဘူး။ တစ်ယောက်စ နှစ်ယောက်စတော့ အခြေအနေသွားကြည့်နေတယ်။ အခြေအနေကောင်းမှ ကျန်တဲ့သူတွေ ပြန်ဖို့လုပ်ထားတယ်"** ဟု သရက်တောကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

တိုက်ပွဲကြောင့် အနီးအနားကျေးရွာ (၉) ရွာမှ ဒေသခံပြည်သူ (၅,၀၀၀) နီးပါးအထိ စစ်ဘေးရှောင်နေရပြီး အများစုမှာ မွန်ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေရသည်။

• • • • • • •

# သံဖြူဇရပ်–ရေးကားလမ်းပိုင်းတွင် ပစ်ခတ်မှုမကြာခဏဖြစ်ပွားနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံနေ



**ဖေဖော်ဝါရီ ၁၊ ၂၀၂၃**

သံဖြူဇရပ်-ရေးကားလမ်းပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့၏ ယာဉ်တန်းများ ချောင်းမြောင်းပစ်ခတ်ခံရခြင်းနှင့် မိုင်းဆွဲတိုက်ခိုက်ခံရခြင်းများ မကြာခဏဖြစ်ပွားနေသဖြင့် အဆိုပါလမ်းအသုံးပြုမှုကို စစ်ကောင်စီက ကန့်သတ်လာရာ ခရီးသွားပြည်သူများအနေဖြင့် သွားရေးလာရေး အခက်အခဲကြုံနေရကြောင်း သိရသည်။

"ကျွန်မက မော့ကနင်ကနေ မော်လမြိုင်ကို ဆေးခန်းသွားပြနေရတယ်။ ရက်ချိန်းက ရောက်နေပေမဲ့ လမ်းအခြေအနေမကောင်းလို့ မသွားလိုက်ရတာမျိုး ရှိတယ်။ ဆေးကလည်း ပြတ်နေပြီ၊ လမ်းကလည်း ပိတ်ထားတယ်ဆိုတာမျိုးလည်း ဖြစ်ဖူးတယ်" ဟု ပြည်သူတစ်ဦးက ပြောသည်။

လုံခြုံရေးအရဟုဆိုကာ စစ်ကောင်စီတပ်ဖွဲ့ဝင်များက အနီးအနားကျေးရွာများတွင် တပ်စွဲနေထိုင်ခြင်း နှင့် လက်နက်ဖြင့်ရမ်းသမ်းပစ်ခတ်ခြင်းများ ပြုလုပ်နေသဖြင့် ပြည်သူများမှာ လွတ်လပ်စွာသွားလာနိုင်ခြင်း မရှိတော့ချေ။

"ရွာမှာ ဖုန်းဆိုင်ဖွင့်ထားတယ်။ အရင်က ဆိုင်အတွက် ပစ္စည်းတွေကို မော်လမြိုင်မှာ ကိုယ်တိုင် သွားဝယ်တယ်။ ဒီနောက်ပိုင်းတော့ ကားနဲ့ပဲ မှာလိုက်တော့တယ်" ဟု ဖုန်းဆိုင်ဖွင့်ထားသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဇန်နဝါရီလ (၂၀) ရက်နေ့က မော့ကနင်ကျေးရွာနှင့် ကုန်းပေါ်ရွာသစ်ကျေးရွာအနီးရှိ အမှတ် (၃၁၇) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေသခံအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

"ရွာမှာ ဖုန်းဆိုင်ဖွင့်ထားတယ်။ အရင်က ဆိုင်အတွက်ပစ္စည်းတွေကို မော်လမြိုင်မှာ ကိုယ်တိုင်သွားဝယ်တယ်။
ဒီနောက်ပိုင်းတော့ ကားနဲ့ပဲ မှာလိုက်တော့တယ်"

# တောင်စွန်းတိုက်ပွဲတွင် အရပ်သား (၁၄) ဦး သေဆုံးပြီး ထောင်ချီ စစ်ဘေးရှောင်နေရ



ဇန်နဝါရီ ၁၀၊ ၂၀၂၃

ပြီးခဲ့သည့် ၂၀၂၃ ဇန်နဝါရီလ (၄) ရက်နှင့် (၅) ရက်နေ့များတွင် ဗမာ့စစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့တို့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်စွန်းကျေးရွာတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ပွဲကြောင့် ဒေသခံပြည်သူ (၁၄) ဦး သေဆုံးခဲ့ကြောင်း ဒေသခံသတင်းအရင်းအမြစ်များက မွန်လူထုအသံကို ပြောသည်။

အဆိုပါ (၂) ရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ကျေးရွာများအတွင်း လက်နက်ကြီးပစ်ခတ်မှုအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့သောကြောင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တောင်စွန်းကျေးရွာမှ ကွမ်းသီးကုန်သည်တစ်ဦးက ပြောသည်။

"ဟိုဘက်ကမ်းမှာ ကရင် ဒီဘက်ကမ်းမှာ ဗမာ တိုက်ပွဲဖြစ်ကြတာ။ လက်နက်ကြီးတွေက ကျေးရွာထဲကို ကျတော့ ဘယ်ခံနိုင်မလဲ။ သေတဲ့သူက သေ၊ ဒဏ်ရာရတဲ့သူက ရပေါ့။ အမျိုးသမီးတွေရော သက်ကြီးရွယ်အိုတွေရော အကုန်ထိတာပဲ" ဟု ၎င်းက ပြောသည်။

ဇန်နဝါရီလ (၁) ရက်နှင့် (၂) ရက်နေ့များတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့တို့က တောင်စွန်းကျေးရွာ အနီးရှိ နယ်ခြားစောင့်တပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းနောက် တောင်စွန်းအခြေစိုက်စစ်စခန်းကို ဆက်လက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

"ဘယ်သူ့ဘက်က အကျများတယ် နည်းတယ် ရွာသားတွေ မသိဘူး။ ရွာသားတွေသိတာက ပြေးဖို့ပါပဲ။ တစ်ယောက်မှ မနေရဲကြတော့ဘူး။ တိုက်ပွဲဖြစ်မယ်မှန်းမသိတော့ ပြေးဖို့ကို ဘာမှမပြင်ဆင်ထားရဘူး။ လက်နက်ကြီးကျတော့မှ ထပြေးရတာ။ လက်နက်ကြီးကလည်း ဘယ်ကျလာမှန်းမသိ၊ အဲကြောင့်လည်း အသေအပျောက်များသွားတာ" ဟု ၎င်းက ဆက်ပြောသည်။

စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်နေသည့်အပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်နေသောကြောင့် ရွာသားများမှာ ထွက်ပြေးရှောင်တိမ်းရန် မတတ်နိုင်ဘဲ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အဆိုပါတိုက်ပွဲကြောင့် ဒေသခံပြည်သူအယောက် (၁,၀၀၀) ကျော် စစ်ဘေးရှောင်နေရကြောင်းလည်း သိရသည်။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# မွန်ပြည်နယ်တွင် မဲစာရင်းများကို နှုတ်မိန့်ဖြင့် ကောက်ခံနေ


Photo from Than Lwin Times

**ဇန်နဝါရီ ၁၁၊ ၂၀၂၃**

စစ်ကောင်စီ၏ နှုတ်မိန့်ဖြင့် ညွှန်ကြားမှုကြောင့် ၂၀၂၃ ဇန်နဝါရီ (၈) ရက်နေ့မှစတင်ပြီး မွန်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်က မဲစာရင်းများ လိုက်လံကောက်ခံလျက်ရှိကြောင်း သိရသည်။

မဲစာရင်းကို တစ်အိမ်တက် တစ်အိမ်ဆင်းစနစ်ဖြင့် ကောက်ခံနေခြင်းဖြစ်ပြီး အိမ်ရှိလူအရေအတွက်နှင့်အိမ်ထောင်စုစာရင်းပါလူအရေအတွက်တို့ကို တိုက်ဆိုင်စစ်ဆေးခြင်း ဖြစ်သည်။

"အပေါ်ကတော့ ရွေးကောက်ပွဲအတွက်လို့ တော့ မပြောဘူး။ အိမ်ထောင်စုစာရင်းနဲ့ လက်ရှိလူဦးရေကိုက်မကိုက် တိုက်စစ်ခိုင်းတာ။ လူပိုလာလား လျော့သွားလား အဲဒါကို စစ်တာ" ဟု မော်လမြိုင်မှ မဲစာရင်းလိုက်လံကောက်ခံသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

မဲစာရင်းလိုက်လံကောက်ခံသည့်အဖွဲ့တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ရုံးစာရေးများနှင့် စစ်ကောင်စီလက်ပါးစေများ ပါဝင်သည်။

"ကျေးရွာတိုင်း မြို့တိုင်း ကောက်ရမယ်။ (တိုက်ပွဲ) ဘာမှမဖြစ်တဲ့ ရွာတွေကတော့ လွယ်တာပေါ့။ တိုက်ပွဲဖြစ်နေတဲ့ရွာတွေ နောက်ပြီး ရေးမြို့နယ်လိုဒေသမှာဆိုရင်လုံခြုံရေးစိုးရိမ်ရတယ်။ ဒါပေမဲ့ မဖြစ်မနေကောက်ရမယ်ဆိုတဲ့အမိန့်လည်းရှိနေတော့ လုပ်ကိုင်ရတာ ခက်တယ်" ဟု မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်မှ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

စစ်ကောင်စီက ပထမအကြိမ် မဲစာရင်းကောက်ခံမှုကို ဇန်နဝါရီလ (၉) ရက်နေ့မှ (၂၉) ရက်နေ့အထိ သတ်မှတ်ထားပြီး စစ်ကောင်စီ၏ မဲစာရင်းကောက်ခံမှုတွင် ပါဝင်သူများကို အကြမ်းဖက်ဥပဒေဖြင့် အရေးယူသွားမည်ဟု အမျိုးသား ညီညွတ်ရေးအစိုးရက ထုတ်ပြန်ထားသည်။

# ကာကွယ်ရေးတပ်ဖွဲ့အလံ စိုက်ထူထားခြင်းကြောင့် ကျုံလောင်းကျေးရွာဟောင်းကို စစ်ကောင်စီတပ် ဝင်ရောက်စီးနင်း

**ဇန်နဝါရီ ၁၃၊ ၂၀၂၃**

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းကျေးရွာဟောင်းတွင် ပြီးခဲ့သည့် ဇန်နဝါရီလ (၇) ရက်နေ့က ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဖြစ်သည့် ရေးဘီလူးအဖွဲ့၏အလံကို စိုက်ထူထားခြင်းကြောင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကျေးရွာကို ဝင်ရောက်စီးနင်းပြီး တစ်အိမ်တက်တစ်အိမ်ဆင်း ရှာဖွေမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။



"ကျုံလောင်းမှာ ရေးဘီလူးအဖွဲ့က အလံစိုက်ထားလို့ဆိုပြီး သူတို့(စစ်ကောင်စီတပ်)က တစ်အိမ်တက်တစ်အိမ်ဆင်း ဝင်စစ်နေတယ်" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးနေခြင်းကြောင့် ကျေးရွာရှိလူငယ်များသည် အိမ်တွင်မနေရဲတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

ရေးမြို့နှင့် (၂) မိုင်အကွာခန့်တွင်ရှိသော ကျုံလောင်းကျေးရွာဟောင်းတွင် စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရားများလည်ပတ်နိုင်ခြင်းမရှိဘဲ ကျေးရွာကို ရေးဘီလူးအဖွဲ့က ထိန်းချုပ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၀) ရက်နေ့ တွင်လည်း ကျုံလောင်းကျေးရွာဟောင်းရှိ စစ်တပ်ပိုင် Mytel တာဝါတိုင်ကို ရေးဘီလူးအဖွဲ့က မီးရှို့ဖျက်စီးခဲ့သည်။

# စစ်ကောင်စီလက်ထက်တွင် ခိုးကိုးရာမဲ့ကလေးအရေအတွက် (၂) ဆ တိုးလာ



ဇန်နဝါရီ ၁၆၊ ၂၀၂၃

စစ်ကောင်စီလက်ထက်တွင် ပြည်သူများမှာ အထွေထွေအကြပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ကလေးသူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာများတွင် ခိုးကိုးရာမဲ့ကလေးအရေအတွက်သည် ယခင်ကထက် (၂) ဆ တိုးလာကြောင်း မွန်ပြည်နယ် မုဒုံမြို့နယ်မှ ကလေးသူငယ်ပရဟိတဂေဟာဖွင့်လှစ်ထားသူ ဆရာတော်တစ်ပါးက မိန့်ကြားပါသည်။

"အာဏာမသိမ်းခင်အချိန်က ကလေးအယောက် (၃၀) လောက်ပဲ ရှိတယ်။ ခု စစ်ကောင်စီလက်ထက်မှာ ကလေးအရေအတွက်က (၂) ဆ တက်လာပြီး ခု အယောက် (၆၀) ရှိတယ်" ဟု အဆိုပါဆရာတော်က မိန့်ကြားသည်။

စစ်ကောင်စီလက်ထက် အလုပ်အကိုင်ဆုံးရှုံးခြင်းကြောင့် မိဘများမှာ သားသမီးများကို ပြုစုစောင့်ရှောက်ရန် မစွမ်းသာတော့ဘဲ ၎င်းတို့၏ကလေးငယ်များကို ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် ပရဟိတဂေဟာသို့ ပို့ဆောင်ခဲ့ရသည်။

"ဆရာတော်တို့နေရာကတော့ ဆင်းရဲတဲ့ကလေးတွေရော မိဘမဲ့ကလေးတွေပါ အကုန်လက်ခံပါတယ်။ ဒီကိုရောက်လို့ ကိုရင် ဝတ်ချင်ဝတ်၊ သီလရှင် ဝတ်ချင်ဝတ် လုပ်ပေးတယ်။ အဲလိုမဝတ်ချင်ဘူးဆိုရင်လည်း ပညာသင်ပေးတယ်။ အကုန်လုံး အခမဲ့ဆောင်ရွက်ပေးတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

စစ်ကောင်စီလက်ထက်တွင် စီးပွားရေးကျဆင်းပြီး အထွေထွေကုန်ကျစရိတ် မြင့်မားလာခြင်းကြောင့် အလှူရှင်များ နည်းပါးလာသဖြင့် ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာနှင့် ပရဟိတဂေဟာများကလည်း ကြပ်တည်းစွာ ရပ်တည်နေရကြောင်း သိရသည်။

"အာဏာမသိမ်းခင်အချိန်က ကလေးအယောက် (၃၀) လောက်ပဲ ရှိတယ်။ ခု စစ်ကောင်စီလက်ထက်မှာ ကလေးအရေအတွက်က (၂) ဆ တက်လာပြီး ခု အယောက် (၆၀) ရှိတယ်"

# ရေဖြူမြို့နယ်တွင် တစ်ရက်တည်း၌ လူ (၃) ဦး ပစ်သတ်ခံရ




ဇန်နဝါရီ ၁၈၊ ၂၀၂၃

တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလ (၁၁) ရက်နေ့ တစ်နေ့တည်းတွင် လူ (၃) ဦး ပစ်သတ်ခံခဲ့ရကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

အဆိုပါ (၃) ဦးအနက် ဦးကျော်ဝင်းဆိုသူသည် စစ်ကောင်စီသတင်းပေးတစ်ဦးဖြစ်ပြီး ရွေးကောက်ပွဲကိစ္စတွင် ပါဝင်ကူညီနေသူဖြစ်သည်။

"ပစ်သတ်ခံရတဲ့ဦးကျော်ဝင်းက လက်နက်ကိုင်ထားတဲ့ ပျူစောထီးခေါင်းဆောင်။ ရွာသားတွေကိုလည်း ခြိမ်းခြောက်တယ်။ စစ်တပ်ကို သတင်းပေးပြီး ရွာသားတွေကို ဖမ်းခိုင်းတယ်။ နောက်ပြီး ရွေးကောက်ပွဲအတွက် ကူညီနေတာ၊ အဲ့တာကြောင့် အသတ်ခံရတာ" ဟု ရွာသားတစ်ဦးက ပြောသည်။

၎င်းပြင် ရေဖြူမြို့အနီး ကားလမ်းဘေးတွင် အမျိုးသားရုပ်အလောင်း (၂) လောင်းကို စွန့်ပစ်ထားသည်ကိုလည်း ဒေသခံများက တွေ့ရှိခဲ့သည်။

"လမ်းဘေးမှာ စွန့်ပစ်ထားတဲ့အလောင်းက လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်ထားတယ်။ မျက်နှာကို အဝတ်စည်းထားတယ်။ သင်္ကန်းလိုအဝတ်နဲ့ပတ်ထားပြီး ကားလမ်းဘေးမှာ လာပစ်ထားတာ" ဟု ရွာခံတစ်ဦးက ပြောသည်။

အဆိုပါ ရုပ်အလောင်း (၂) လောင်းသည် မည်သူမည်ဝါဖြစ်သည်ကို ဒေသခံများက အတည်ပြုနိုင်ခြင်း မရှိချေ။

"အဲ့ညက သေနတ်သံကြားပြီး ကားတစ်စီး မောင်းပြေးသွားတယ်။ ဒါပေမဲ့ ထွက်မကြည့်ရဲဘူး။ မနက်မှ အလောင်း (၂) လောင်းကို တွေ့တာ။ ပျူတွေလက်ချက်လည်း ဖြစ်နိုင်တယ်" ဟု ၎င်းရွာခံက ဆက်ပြောသည်။

အမည်မသိရုပ်အလောင်း (၂) လောင်းသည် ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း၊ ၎င်းတို့၏လက်ချက်မဟုတ်ကြောင်း နယ်မြေခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ပြောကြားထားသည်။

# လမိုင်းမြို့တွင် ရေပိုက်ပြင်သမားတစ်ဦး မိုင်းနင်းမိ

ဖေဖော်ဝါရီ ၁၊ ၂၀၂၃



၂၀၂၃ ဇန်နဝါရီလ (၃၀) ရက်နေ့ နံနက် (၁၀) နာရီအချိန်ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ ဘေးကလွဲကျေးအနီးရှိ ကြိုးတံတားချောင်းအနီးအနားတွင် ရေပိုက် ပြင်နေသော အသက် (၇၀) အရွယ် အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ဘယ်ခြေထောက်တစ်ဖက် ဆုံးရှုံးလိုက်ရကြောင်း သိရသည်။

"ကြိုးတံတားချောင်းက ရေတွေ ရွာထဲရောက်ဖို့ ပိုက်သွယ်ထားတယ်။ သူက အဲ့ပိုက်ကို သွားပြင်ရင်း မိုင်းနင်းမိသွားတယ်။ သူက အသက်လည်းကြီးနေပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ မိုင်းနင်းမိသည့်နေရာသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ မကြာခဏဖြတ်သန်းသွားလာသည့်နေရာဖြစ်နေသောကြောင့် စစ်ကောင်စီတပ်က မိုင်းထောင်ထားခြင်းဖြစ်နိုင်ကြောင်း ဒေသခံများက ထင်မြင်ယူဆနေကြသော်လည်း မည်သည့်အဖွဲ့အစည်းက မိုင်းထောင်သည်ကို အတည်မပြုနိုင်ချေ။

လက်ရှိတွင် မိုင်းနင်းမိသည့်လူနာကို လမိုင်းဆေးရုံမှ မော်လမြိုင်မြို့ရှိ ကုတင် (၃၀၀) စစ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုပေးနေကြောင်း သိရသည်။

# ကြိုးတံတားချောင်းအနီးတွင် နောက်ထပ်အမျိုးသားတစ်ဦး မြေမြှုပ်မိုင်း နင်းမိ



ဖေဖော်ဝါရီ ၅၊ ၂၀၂၃

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ ဘေးကလွဲ ကျေးရွာအနီးရှိ ကြိုးတံတားချောင်းတွင် ပြီးခဲ့သည့်ဖေဖော်ဝါရီလ (၂) ရက်နေ့ ညနေ (၆) နာရီတွင် ခြံမှဆိုင်ကယ်ဖြင့်ပြန်လာသူ အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး ခြေထောက်တွင် ပွန်းပဲ့ ဒဏ်ရာ ရရှိခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၃၀) ရက်နေ့တွင်လည်း ၎င်း ကြိုးတံတားချောင်းအနီးတွင်ပင် ရေပိုက်ပြင်သမားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ခြေထောက်တစ်ဖက်ဆုံးရှုံးခဲ့ရသည်။

တစ်ပတ်အတွင်း မြေမြှုပ်မိုင်းနင်းမိသူ (၂) ဦး ရှိလာသည့်အတွက် ဒေသခံများအနေဖြင့် ခြံသို့သွားလာရန် ထိတ်လန့်နေကြကြောင်း သိရသည်။

"အာဏာသိမ်းပြီးနောက်ပိုင်း ကျွန်မတို့ရေးမြို့နယ်က မအေးချမ်းတော့ဘူး။ အရင်က ခြံကို သွားလာလို့ အဆင်ပြေသေးတယ်။ ခုနောက်ပိုင်း မသွားရဲတော့ဘူး။ သေနတ်သံလည်း ခဏခဏကြားနေရတယ်။ ခု မြေမြှုပ်မိုင်းနင်းမိတဲ့သတင်း ထပ်ကြားရပြန်ပြီ။ လောလောဆယ်တော့ အဲဒီဘက်ကို မသွားရဲသေးဘူး။ အခြေအနေ စောင့်ကြည့်ဦးမယ်" ဟု ဒေသခံခြံသမားတစ်ဦးက ပြောသည်။

မြေမြှုပ်မိုင်းကြောင့် ထိခိုက်ခဲ့သူ အမျိုးသားကို လမိုင်းဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူနေစေကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာသည် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ မကြာခဏသွားလာသည့်နေရာဖြစ်နေသည့်အတွက် စစ်ကောင်စီတပ်ဖွဲ့များက မြေမြှုပ်မိုင်းထောင်ထားခြင်း ဖြစ်နိုင်ကြောင်း ဒေသခံများက ထင်မြင်ယူဆနေကြသည်။

# ကျေးရွာမှ တစ်ပတ်အတွင်း ထွက်ခွာပေးရန် မော့ကနင်ရွာသစ်ပြည်သူများကို ကရင်တပ်ဖွဲ့ သတိပေး

ဖေဖော်ဝါရီ ၇၊ ၂၀၂၃

စစ်ကောင်စီတပ်ဖွဲ့ဝင်များက မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာသစ်အနီးရှိ အမှတ် (၃၁၇) အမြောက်တပ်တွင် အင်အားဖြည့်တင်းထားသဖြင့် တိုက်ပွဲများ အချိန်မရွေးဖြစ်ပွားနိုင်သည် ဟုဆိုကာ ကျေးရွာမှပြည်သူများကို တစ်ပတ်အတွင်း ပြောင်းရွှေ့ထွက်ခွာပေးရန် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က လာရောက်သတိပေးထားကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

"ရွာကကနေထွက်ဖို့ ကရင်စစ်သားတွေက (၇) ရက် အချိန်ပေးထားတယ်။ ကျွန်တော်တို့ကတော့ အထုပ်ကောက်ပြီး တစ်ခြားနေရာကို ပြောင်းပြီးပြီ။ မပြောင်းဘဲ ရွာထဲမှာပဲ ဆက်နေ,နေတဲ့သူတွေလည်း ရှိတယ်" ဟု မော့ကနင်ရွာသစ်ရွာသား တစ်ဦးက ပြောသည်။



မော့ကနင်ရွာသစ်အနီးရှိ အမြောက်တပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားလေ့ရှိသည်ဟု သိရသည်။

"ပြီးခဲ့တဲ့လကပဲ ရွာသစ်ကျေးရွာမှာ ပစ်ခတ်မှုဖြစ်တယ်။ တပ်နဲ့နီးတဲ့နေရာမှာ နေရတာ မအေးချမ်းဘူး။ကြောက်နေရတယ်။ အခုလည်း အမြောက်တပ်မှာ စစ်သားတွေ အများကြီးရှိနေတယ်။ ဒီအတောအတွင်း ဘယ်လိုဖြစ်လာမလဲ မသိဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

# နမ်းကျဲကျေးရွာတွင် ကားတစ်စီးပစ်ခတ်ခံရပြီး သံဃာတော်တစ်ပါးနှင့် အမျိုးသမီးတစ်ဦး အသက်ဆုံးရှုံး

**ဖေဖော်ဝါရီ ၈၊ ၂၀၂၃**




တနင်္သာရီတိုင်း ရေဖြူမြို့နယ် နမ်းကျဲကျေးရွာတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၆) ရက်နေ့ ညနေ (၃) နာရီဝန်းကျင်တွင် ကားတစ်စီးပစ်ခတ်ခံရပြီး ကားတွင်လိုက်ပါလာသည့် သံဃာတော်တစ်ပါးနှင့် အမျိုးသမီးတစ်ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါကားတွင် လူ (၈) ဦး လိုက်ပါလာပြီး ထားဝယ်မြို့မှ ရေဖြူမြို့နယ် ရာဖူးကျေးရွာသို့ ပြန်လာစဉ် ပစ်ခတ်ခံရခြင်း ဖြစ်သည်။

"ညနေ (၃) နာရီလောက်မှာ သေနတ်သံ အချက် (၃၀) လောက် ကြားရတယ်။ ခဏနေသွားကြည့်တော့ ဘုန်းကြီးကား ဖြစ်နေတယ်။ ရှေ့ခန်းမှာ ဆရာတော်က ပျံလွန်တော်မူနေပြီး နောက်ခန်းမှာ အမျိုးသမီး (၁) ဦး သေနေတာ တွေ့ရတယ်" ဟု နမ်းကျဲဒေသခံတစ်ဦးက ပြောသည်။

သေဆုံးသူများမှာ သက်တော် (၆၀) နှစ် ရာဖူးရွာသစ်ကျောင်းထိုင်ဆရာတော်နှင့်အသက်(၆၅)နှစ်အရွယ်ဒေါ်အုန်းမြင့်ဆိုသူ ဖြစ်ကြောင်း သိရသည်။

ကားပေါ်လိုက်ပါလာသူ အခြားသူ (၄) ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ကလေး (၂) ဦးမှာ မစိုးရိမ်ဒဏ်ရာရ ရှိခဲ့သည်။ သေဆုံးသူများနှင့် ဒဏ်ရာပြင်းထန်သူများကို ထားဝယ်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

ကားကိုမည်သည့်အဖွဲ့ကမည်သည့်အကြောင်းကြောင့် ပစ်ခတ်ခဲ့သည်ကိုမူ မသိရှိရသေးချေ။

# ဘေးကလွှဲရွာ ကြိုးတံတားချောင်းအနီး နောက်ထပ်ရွာသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ

**ဖေဖော်ဝါရီ ၂၂၊ ၂၀၂၃**



ပြီးခဲ့သည့်ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဘေးလွှဲကျေးရွာရှိ ကြိုးတံတားချောင်းအနီးတွင် ဒေသခံတစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

အသက် (၅၀) အရွယ် ဦးညွန့်ဝေသည် ၎င်း၏ခြံမှ ပြန်လာစဉ် ကြိုးတံတားချောင်းအနီးတွင် မြေမြှုပ်မိုင်းနင်းမိပြီး ဘယ်ခြေထောက်၊ ညာခြေထောက်နှင့် လက်မောင်းတို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း ရွာသားတစ်ဦးက ပြောသည်။

"ခုအကြိမ်နဲ့ဆို (၃) ကြိမ်မြောက်ပဲ။ အဲဒီနေရာမှာ မကြာခဏဖြစ်နေတော့ ရွာသားတွေ မသွားရဲကြတော့ဘူး။ မိုင်းနင်းမိတဲ့သူက ဒဏ်ရာပြင်းတော့ လမိုင်းဆေးရုံကနေ မော်လမြိုင်ဆေးရုံကို ပို့လိုက်တယ်" ဟု မော့ကနင်ကျေးရွာမှ ပရဟိတအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၀) ရက်နေ့နှင့် ဖေဖော်ဝါရီလ (၂) ရက်နေ့တွင်လည်း ၎င်းကြိုးတံတားချောင်းအနီးတွင်ပင် မြေမြှုပ်မိုင်းပေါက်ကွဲပြီး ဒေသခံ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

# စစ်ကောင်စီက ရေးမြို့နယ်ကို စစ်အုပ်ချုပ်ရေး ကြေညာလိုက်သဖြင့် ဒေသခံများ စိုးရိမ်မှုမြင့်တက်



**ဖေဖော်ဝါရီ ၉၊ ၂၀၂၃**

မွန်ပြည်နယ် ရေးမြို့နယ်သည် အာဏာသိမ်းပြီး နောက်ပိုင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများမကြာခဏဖြစ်ပွားနေသည့်မြို့နယ် ဖြစ်သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စစ်ကောင်စီက ရေးမြို့နယ်ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သဖြင့် တိုက်ပွဲများ ပိုမိုပြင်းထန်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်ထိတ်လန့်နေကြောင်း သိရသည်။

"ရေးမြို့နယ်မှာက ကရင့်တပ်လည်း ရှိတယ်။ ဗမာတပ်လည်း ရှိတယ်။ မွန်တပ်လည်း ရှိတယ်။ နောက်ပိုင်းပူးပေါင်းတပ်တွေကလည်း ဗမာစစ်တပ်ကို ခဏခဏလာတိုက်နေတာမျိုးလည်း ရှိတယ်။စစ်ကောင်စီက စစ်အုပ်ချုပ်ရေးကြေညာလည်း တော်လှန်ရေးအင်အားစုတွေက လက်လျှော့သွားမှာမဟုတ်ဘူး။ ပိုပြီးတိုက်ခိုက်လာမယ်လို့ မြင်တယ်။ အဲကြောင့် တိုက်ပွဲပိုပြင်းထန်လာဖို့ပဲ ရှိတယ်" ဟု ရေးတောင်ပိုင်းမှ နိုင်ငံရေးလေ့လာသူတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စစ်ကောင်စီက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ကာကွယ်ရေးဦးစီးချုပ်ကို နောက်ထပ် (၆) လ အာဏာဆက်လက်ပေးအပ်ကြောင်း ကြေညာခဲ့သည်။

"ကျွန်တော်တို့ဒေသမှာ စစ်အုပ်ချုပ်ရေး မကြေညာခင်တုန်းကလည်း လူကို တရားလက်လွတ် ဖမ်းချင်သလိုဖမ်းနေတာပဲ။ ဘာအပြစ်မှမရှိဘဲ လူကိုရိုက်တာ၊ ဆိုင်ကယ်တွေ သိမ်းတာ၊ ပစ်သတ်တာလည်း လုပ်ခဲ့တာပဲ။ စစ်အုပ်ချုပ်ရေးကြေညာလိုက်တော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပိုဖြစ်လာမှာပေါ့" ဟု ရေးမြို့နယ် မွန်ညီညွတ်ရေးပါတီဝင်တစ်ဦးက ပြောသည်။

စစ်ကောင်စီ မြို့နယ်စုစုပေါင်း (၃၇) မြို့နယ်ကို စစ်အုပ်ချုပ်ရေး ကြေညာခဲ့ပြီး မွန်လူမျိုးအများစုနေထိုင်သည့် မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ်တို့သည် စစ်အုပ်ချုပ်ရေးတွင် ပါဝင်သည်။

"ဒီလိုလုပ်(စစ်အုပ်ချုပ်ရေးကြေညာ) တာက စစ်မီးပိုတောက်အောင် လုပ်တာပဲ" ဟု အဆိုပါနိုင်ငံရေးလေ့လာသူက သုံးသပ်သည်။

# ရွေးကောက်ပွဲဥပဒေကို ဝေဖန်နေသော်လည်း မွန်ညီညွတ်ရေးပါတီက ရွေးကောက်ပွဲဝင်မည်

**ဖေဖော်ဝါရီ ၁၄၊ ၂၀၂၃**

စစ်ကောင်စီက ၂၀၂၃ ဇန်နဝါရီလ (၂၆)ရက် နေ့တွင် ပြဋ္ဌာန်းလိုက်သည့် ရွေးကောက်ပွဲဥပဒေသစ်သည် တိုင်းရင်းသား နိုင်ငံရေးပါတီများအပေါ် ဖိနှိပ်ပိတ်ပင်ခြင်း ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုအကြီးစားဖြစ်ကြောင်း မွန်ညီညွတ်ပါတီ၏ ဗဟိုကော်မတီဝင်တစ်ဦးက မှတ်ချက်ပြုသည်။

"တိုင်းရင်းသားနိုင်ငံရေးပါတီအားလုံးက ပြည်ထောင်စုအဆင့်ကနေ ပြည်နယ်အဆင့်ကို လျော့ချလိုက်ရတယ်။ (ရွေးကောက်ပွဲဥပဒေအသစ်က) တိုင်းရင်းသားအခွင့်အရေးကို တားမြစ်ပိတ်ပင်လိုက်တာပဲ။ ဒါက လူ့အခွင့်အရေးကို ကြီးကြီးမားမားချိုးဖောက်လိုက်တာလဲ ဟုတ်တယ်" ဟု အဆိုပါကော်မတီဝင်က ပြောသည်။

၎င်းပြင် ရွေးကောက်ပွဲဥပဒေသစ်က ဥပဒေပြုရေးတွင် အမြင့်ဆုံးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားအမတ်များ ပါဝင်ခွင့်မရအောင် တားဆီးလိုက်ခြင်းဖြစ်သည်ဟု မွန်ညီညွတ်ရေးပါတီ ဗဟိုကော်မတီဝင်ဟောင်းတစ်ဦးက ဝေဖန်သည်။

"ပြည်ထောင်စုလွှတ်တော်မှာ တိုင်းရင်းသားအမတ်တွေ အရေအတွက်နည်းသွားအောင် တိုင်းရင်းသားတွေရဲ့ ဆန္ဒအသံတွေလျော့ပါးသွားအောင် သူတို့(စစ်ကောင်စီ/ရွေးကောက်ပွဲကော်မရှင်)က လုပ်နေတာ" ဟု ၎င်းဗဟိုကော်မတီဟောင်းက ပြောသည်။

ရွေးကောက်ပွဲဥပဒေအသစ်က ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီတည်ထောင်လိုပါက အဖွဲ့ဝင်အင်အား (၁၀၀,၀၀၀) တင်ပြနိုင်ရမည်ဖြစ်ပြီး အနည်းဆုံး မြို့နယ် (၁၆၀) တွင် ပါတီရုံး ဖွင့်လှစ်နိုင်ရမည်ဟု ဆိုသည်။ ၎င်းပြင် ပါတီရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၁,၀၀၀) ကိုလည်း တင်ပြနိုင်ရမည်ဖြစ်သည်။

ရွေးကောက်ပွဲဥပဒေသစ်ကြောင့် မွန်ညီညွတ်ရေးပါတီအနေဖြင့် ပြည်ထောင်စုအဆင့်တွင် ရပ်တည်ရန် မဖြစ်နိုင်တော့ဘဲ ပြည်နယ်အဆင့်ဖြင့်သာ ရွေးကောက်ပွဲဝင်နိုင်မည်ဖြစ်သည်။




၂၀၂၃ ဖေဖော်ဝါရီ (၁၁) ရက်နေ့တွင် မွန်ညီညွတ်ရေးပါတီက မော်လမြိုင်ရုံးချုပ်၌ ဗဟိုကော်မတီအစည်းအဝေး ခေါ်ယူပြီး ရန်ကုန်၊ ပဲခူးနှင့် တနင်္သာရီတိုင်းများရှိ ပါတီရုံးများ ပိတ်သိမ်းပြီး မွန်နှင့်ကရင်ပြည်နယ်များတွင်သာ ပါတီရုံးဖွင့်လှစ်ကာ ရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

"ပြည်ထောင်စုအဆင့်ဆိုရင် ကြံ့ဖွံ့ရယ် အန်အယ်ဒီရယ် တစည ရယ်ပဲ ရှိမယ်။ ဒီအခြေအနေဆို အန်အယ်ဒီက ဝင်ပြိုင်မှာ မဟုတ်ဘူး။ ကြံ့ဖွံ့ပါတီနိုင်ဖို့ သေချာအစီအစဉ်ချပြီးမှရွေးကောက်ပွဲလုပ်တဲ့အတွက် သူတို့ကို နိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး" ဟု မွန်ညီညွတ်ရေးပါတီ ဗဟိုကော်မတီဝင်ဟောင်းတစ်ဦးက မှတ်ချက်ပြုသည်။

ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းပြီး ရက် (၆၀) အတွင်း ပါတီမှတ်ပုံတင်အသစ် လျှောက်ထားခြင်း မပြုပါက နိုင်ငံရေးပါတီမှ အလိုအလျောက်ပယ်ဖျက်ခံရမည်ဖြစ်ကြောင်း ဥပဒေသစ်တွင် ပြဋ္ဌာန်းထားသည်။

> "ပြည်ထောင်စုလွှတ်တော်မှာ တိုင်းရင်းသားအမတ်တွေ အရေအတွက်နည်းသွားအောင် တိုင်းရင်းသားတွေရဲ့ ဆန္ဒအသံတွေလျော့ပါးသွားအောင် သူတို့(စစ်ကောင်စီ/ရွေးကောက်ပွဲကော်မရှင်)က လုပ်နေတာ"

# ခရီးသွားယာဉ်များကို ကျွန်းရွာစစ်ဆေးဂိတ်မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဓာတ်ပုံရိုက် မှတ်တမ်းယူနေ



**ဖေဖော်ဝါရီ ၁၆၊ ၂၀၂၃**

၂၀၂၂ ဒီဇင်ဘာလ နောက်ဆုံးအပတ်မှစ၍ မွန်ပြည်နယ် ကျိုက်မရောမြို့ မြို့ဝင်မြို့ထွက် စစ်ဆေးရေးဂိတ်များတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အင်အားတိုးချဲ့လျက်ရှိသည်။ကျိုက်မရောမြို့နှင့် ကျွန်းရွာကြားရှိ စစ်ဆေးရေးဂိတ်မှ စစ်သားများက ဖြတ်သန်းသွားလာသည့် ကား၊ ဆိုင်ကယ်နှင့် လူနာတင်ယာဉ်များကို ဓာတ်ပုံရိုက်ကာ မှတ်တမ်းယူနေကြောင်း ဒေသခံများက ပြောသည်။

"အစစ်ဆေးခံနေတဲ့အချိန်မှာ ရိုက်တာမဟုတ်ဘူး။ စစ်ဆေးပြီးလို့ အထွက်မှာမှ နောက်ကနေ ဆိုင်ကယ်/ကားနံပါတ်တွေကို ဓာတ်ပုံရိုက်ယူတာ" ဟု စစ်ဆေးခံရသူတစ်ဦးက ပြောသည်။

"လူနာတင်ကားလည်း အလွတ်မပေးဘူး။ အရေးပေါ်လူနာဆိုလည်း အချိန်အကြာကြီးစစ်နေတာပဲ။ ကားတွေကိုလည်း ပုံရိုက်ထားတယ်" ဟု ပရဟိတလုပ်ငန်းတစ်ဦးက ပြောသည်။

အဆိုပါဂိတ်တွင် လူငယ်များကို အဓိကထား စစ်ဆေးနေပြီးစစ်ဆေးမေးမြန်းနေစဉ်တွင်လည်းသေနတ်ဖြင့်ချိန်ရွယ်ထားကြောင်း သိရသည်။

"ဆိုင်ကယ်တွေကို ဘောက်(tool box)ဖွင့်စစ်တယ်။ လူငယ်တွေဆို ဖုန်းပါစစ်တယ်။ အခုတလော စစ်တာ ပိုကြမ်းလာတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီ (၁၃) ရက်နေ့ကဆို ကုန်ကားနဲ့ တင်လာတဲ့ ခရမ်းချဉ်သီးအိတ်တွေ ထုံးအိတ်တွေကို သူတို့က လက်သီးနဲ့ ထိုးခွဲဖျက်စီးကြတယ်။ ကားသမားက ဘာမှမပြောရဲဘူး၊ ငြိမ်ခံခဲ့ရတယ်" ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ကျွန်းရွာစစ်ဆေးရေးဂိတ်၌ ၂၀၂၂ ဒီဇင်ဘာလတွင် မနက် (၁၀) မှ ည (၄) နာရီအထိသာ စစ်ဆေးနေရာမှ ၂၀၂၃ ဖေဖော်ဝါရီလမှစပြီး လုံခြုံရေးအင်အားတိုးချဲ့ကာ အချိန်ပြည့် စစ်ဆေးနေကြောင်း သိရသည်။

> "လူနာတင်ကားလည်း အလွတ်မပေးဘူး။ အရေးပေါ်လူနာဆိုလည်း အချိန်အကြာကြီးစစ်နေတာပဲ။ ကားတွေကိုလည်း ပုံရိုက်ထားတယ်"

# ကျုံဒိုးတိုက်ပွဲကြောင့် ဒေသခံ (၃း၀၀၀) ကျော် စစ်ဘေးရှောင်



**ဇန်နဝါရီ ၂၇၊ ၂၀၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အနီးရှိ ကမ်းနီကျေးရွာတွင် ပြီးခဲ့သည့်ဇန်နဝါရီလ (၂၃) ရက်နေ့မှစ၍ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေပြီး လူနေအိမ်များ မီးလောင်ပျက်စီးကာ ကမ်းနီ၊ သရက်တော၊ ကော့ကျိုက်နှင့် မိဂလုံစသည့်ကျေးရွာများမှ ဒေသခံပြည်သူ (၃,၀၀၀) ကျော် စစ်ဘေးရှောင်နေရကြောင်း သိရသည်။

ဇန်နဝါရီလ (၁၆) ရက်နေ့ ကော့ဘိန်းရဲစခန်း တိုက်ခိုက်ခံရပြီးနောက်ပိုင်း စစ်ရေးတင်းမာလာပြီး ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ကျုံဒိုးအခြေစိုက်ခြေလျင်တပ်ရင်းဖြစ်သည့် ခလရ (၅၄၅) နှင့် (၅၄၆) တို့က ကျုံဒိုးမြို့အနီး ဂျိုင်းမြစ်ကမ်းပေါ်ရှိကမ်းနီနှင့် ညောင်ရိပ်သာကျေးရွာများဘက်သို့ လက်နက်ကြီးဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့သည်။

၎င်း စစ်ကောင်စီဘက်က လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့ပြီး လက်နက်ကြီး ထိမှန်ပေါက်ကွဲမှုကြောင့် ကမ်းနီ၊ သရက်တောနှင့် ညောင်ရိပ်သာကျေးရွာများရှိ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့သည်။

"တိုက်ပွဲဆက်တိုက်ဖြစ်နေလို့ ဒေသခံအတော်များများက မော်လမြိုင်နဲ့ ဘားအံဘက်ကို စစ်ရှောင်နေရတယ်။တစ်ချို့အမျိုးသားအနည်းငယ်လောက်ပဲ ရွာမှာ ကျန်ခဲ့တယ်။ ကလေး၊ အမျိုးသမီးနဲ့ သက်ကြီးပိုင်းတွေတော့ ဘေးလွတ်ရာ တိမ်းရှောင်နေရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကရင်ပြည်နယ် ကော့ကရိတ်၊ကျုံဒိုး၊ကြာအင်းဆိပ်ကြီး၊ ဖာပွန်နှင့် ဘုရားသုံးဆူမြို့နယ်များတွင် တိုက်ပွဲများ နေ့စဉ်ရက်ဆက်ဖြစ်ပွားနေပြီး နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ စစ်ဘေးရှောင်ပြည်သူအရေအတွက်မှာ နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာကြောင်း ကရင်ပြည်နယ်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုထံမှ သိရှိရသည်။

"တိုက်ပွဲဆက်တိုက်ဖြစ်နေလို့ ဒေသခံအတော်များများက မော်လမြိုင်နဲ့ ဘားအံဘက်ကို စစ်ရှောင်နေရတယ်။တစ်ချို့အမျိုးသားအနည်းငယ်လောက်ပဲ ရွာမှာ ကျန်ခဲ့တယ်။ ကလေး၊ အမျိုးသမီးနဲ့ သက်ကြီးပိုင်းတွေတော့ ဘေးလွတ်ရာ တိမ်းရှောင် နေရတယ်"

# အမှတ် (၃၁၇) အမြောက်တပ်က ပစ်ခတ်လိုက်သည့်လက်နက်ကြီးကြောင့် ဒေသခံ (၂) ဒဏ်ရာရ



ဇန်နဝါရီ ၂၄၊ ၂၀၂၃

ပြီးခဲ့သည့် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာအနီး ကုန်းပေါ်ရွာသစ်ကျေးရွာရှိ အမှတ် (၃၁၇) အမြောက်တပ်ရင်းက ကားလမ်းအရှေ့ဘက်ခြမ်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပရဟိတအသင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ကုန်းပေါ်ရွာသစ် အမြောက်တပ်က ခြံတွေဘက်ကို လက်နက်ကြီးပစ်နေတော့ ခြံသမားတွေ ခြံသွားလို့မရ၊ ခြံကနေလည်း ရွာပြန်လို့မရ ဖြစ်နေတယ်။ ခြံထဲမှာပဲ ပုန်းနေကြရတယ်။ လက်နက်ကြီးကို ရမ်းသမ်းပစ်နေတော့ ခြံသမားတွေလည်း ထိခိုက်ကုန်တယ်" ဟု မော့ကနင်ကျေးရွာမှ ဒူးရင်းသီးခြံရှင်တစ်ဦးက ပြောသည်။

လက်နက်ကြီးကျည်ထိမှန်သူဒေသခံ(၂) ဦးကို လမိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုပေးနေကြောင်း လမိုင်းပရဟိတအသင်းက ၎င်းတို့၏လူမှုကွန်ရက်တွင်လွှင့်တင်ထားသည်။

"တစ်ယောက်တော့ သေချာပေါက် ထိတယ်။နှစ်ယောက်လို့လည်း ပြောကြတယ်။ တစ်ယောက်လား နှစ်ယောက်လား သေချာမသိဘူး။ ထိတာတော့ ထိမှာပဲ။ ဒီမှာက ခြံထဲမှာပဲ အနေများကြတာလေ။ ကားလမ်းအရှေ့ဘက်ကိုပဲ ချိန်ပစ်လိုက်တော့ သေကုန်တော့မှာပေ့ါ" ဟု ၎င်းက ဆက်ပြောသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက အမြောက်တပ်ရင်းကို အလစ်ဝင်တိုက်ခိုက်သဖြင့် အမြောက်တပ်က လက်နက်ကြီး (၁၀) ချက်ထက်မနည်း ပြန်လည်ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

# ကြားကာလအစိုးရ ဖွဲ့စည်းပြီး ရွေးကောက်ပွဲကို ကျင်းပမည်ဟု ဆို

**ဇန်နဝါရီ ၁၄၊ ၂၀၂၃**

စစ်ကောင်စီအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကြားကာလအစိုးရတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါကြားကာလအစိုးရသည် ဩဂုတ်လတွင် ရွေးကောက်ပွဲဖြစ်မြောက်အောင် လုပ်ဆောင်သွားမည်ဟု စစ်ကောင်စီဝန်ကြီးအသိုင်းအဝိုင်းနှင့်နီးစပ်သည့် သတင်းအရင်းအမြစ်တစ်ခုကပြောသည်။

"ကြားကာလအစိုးရပုံစံမျိုး ဖွဲ့စည်းသွားမယ်။ အဲအစိုးရက ရွေးကောက်ပွဲကို ဦးစီးသွားမှာပေ့ါ။ ရွေးကောက်ပွဲကတော့ ရသလိုလုပ်သွားမှာပဲ" ဟု အဆိုပါသတင်းအရင်းအမြစ်က ပြောသည်။

ဆန့်ကျင်ကန့်ကွက်မှု ပြင်းထန်ခြင်းကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်ပါက စစ်တပ်အနေဖြင့် အလုံးစုံအာဏာပြန်သိမ်းပြီး တစ်နိုင်ငံလုံးကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ရှိသည်ဟုလည်း ၎င်းက ပြောသည်။



"ရွေးကောက်ပွဲအတွက် ပြင်ဆင်နေတုန်းမှာ (ဆန့်ကျင်မှုဘယ်လောက်ရှိမလဲ) သွေးတိုးစမ်းသွားမယ်။ ရရင်တော့ ရသလောက် လုပ်သွားမယ်။ တကယ်လို့ ပြည်သူတွေရော အတိုက်အခံတွေပါ အပြင်းအထန်ဆန့်ကျင်နေမယ် တိုက်ပွဲတွေလည်း ပိုဖြစ်လာမယ်ဆိုရင် အာဏာအပြည့်အဝပြန်သိမ်းပြီး စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်သွားမယ်" ဟု ၎င်းက ပြောသည်။

စစ်ကောင်စီကပြုလုပ်မည့် ရွေးကောက်ပွဲကို မပျက်၊ ပျက်အောင် လုပ်ဆောင်သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်ထားသည်။

# ဇမိမြစ်အရှေ့ခြမ်းမှ မွန်ဒေသခံ (၁း၀၀၀) ကျော် စစ်ဘေးရှောင်နေရ



**ဇန်နဝါရီ ၁၇၊ ၂၀၂၃**

ဗမာစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပြင်းထန်နေသဖြင့် ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့နယ် ဇမိမြစ်အရှေ့ဘက်ကမ်းမှ မွန်လူမျိုးဒေသခံ (၁,၀၀၀)ကျော်သည် မြစ်ကိုကူးဖြတ်ကာ အနောက်ဘက်ကမ်းသို့ စစ်ဘေးရှောင်လာရကြောင်း ဒေသခံအရင်းအမြစ်များက ပြောသည်။

"မြစ်အရှေ့ဘက်ကမ်းက ပြေးလာတာ မနည်းဘူး။ တစ်ချို့က ဘုန်းကြီးကျောင်းမှာ နေ,နေကြတယ်။ တစ်ချို့ကျတော့ အသိမိတ်ဆွေတွေဆီမှာ အကူအညီတောင်းပြီး နေ,နေရတာပေါ့။ ကျွန်တော့်အထင်အယောက် (၈၀၀)(၁,၀၀၀)လောက်ရှိမယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ် ဝေဘာလီကျေးရွာမှ ရွာခံတစ်ဦးက ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မွန်နှင့် ကရင်လူမျိုးများ အဓိကနေထိုင်ကြပြီး ဇမိမြစ်အရှေ့ဘက်ကမ်းတွင် ကရင်လူမျိုးအများစုနေထိုင်ကြသည်။ ဇမိမြစ်အရှေ့ဘက်ခြမ်းတွင် တိုက်ပွဲပြင်းထန်နေပြီး ကျေးရွာများအတွင်းသို့ လက်နက်ကြီးများ ကျရောက်လာသဖြင့် ဒေသခံများက ကြောက်ရွံ့ပြီး ထွက်ပြေးတိမ်းရှောင်နေရသည်။

"အရှေ့ဘက်ခြမ်းကတော့ နေ့တိုင်းလိုလိုပဲ (တိုက်ပွဲဖြစ်နေတာ)။ အနောက်ဘက်ကမ်းကတော့ ခလယ် တံခွန်တိုင်ဘက်မှာ ဖြစ်နေတာ။ မြစ်အနောက်ဘက်က မွန်ပြည်သစ်ပါတီလက်အောက်က မော်လမြိုင်ခရိုင်လောက်ပဲ ကွက်ပြီးအေးချမ်းနေတာ။ အဲကြောင့် ဒီဘက်ကို စစ်ရှောင်လာတာ" ဟု စစ်ဘေးရှောင်များကို ကူညီပေးနေသူ ရွာသားတစ်ဦးက ပြောသည်။

ရာသီဥတုအေးသည့် ဆောင်းရာသီအချိန်ဖြစ်သဖြင့် စစ်ဘေးရှောင်လာသည့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ကျန်းမာရေးထိခိုက်လာမည်ကို စိုးရိမ်းနေရကြောင်း အဆိုပါရွာသားက ဆက်ပြောသည်။

တိုက်ပွဲပြီးဆုံးမည့် အရိပ်အယောင် မရှိသဖြင့် ဇမိမြစ်ကြောင်းတစ်လျှောက်ရှိ ရွာသားများအနေဖြင့် စားနပ်ရိက္ခာစုဆောင်းခြင်းများ၊ ပုံးခိုကျင်းတူးခြင်းများကို လုပ်ဆောင်နေကြသည်ဟု ဆိုသည်။

လက်ရှိတွင် တိုက်ပွဲပြင်းထန်နေသဖြင့် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းကို ဇန်နဝါရီ (၁၆) ရက်မှ (၂၃)ရက်နေ့အထိ တစ်ပတ်တာအချိန်အတွင်း လုံးဝအသုံးမပြုရန် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၆) က သတင်းထုတ်ပြန်ထားသည်။

**"အရှေ့ဘက်ခြမ်းကတော့ နေ့တိုင်းလိုလိုပဲ (တိုက်ပွဲဖြစ်နေတာ)။ အနောက်ဘက်ကမ်းကတော့ ခလယ် တံခွန်တိုင်ဘက်မှာ ဖြစ်နေတာ။ မြစ်အနောက်ဘက်က မွန်ပြည်သစ်ပါတီလက်အောက်က မော်လမြိုင်ခရိုင်လောက်ပဲ ကွက်ပြီးအေးချမ်းနေတာ။ အဲကြောင့် ဒီဘက်ကို စစ်ရှောင်လာတာ"**

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

[illegible]

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်

ရည်ရွယ်ချက်

(က) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား [illegible]

(ခ) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်

(ဂ) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် [illegible]

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

[illegible] စာဖတ်သူမိတ်ဆွေများခင်ဗျား

[illegible]

ရိုသေလေးစားစွာဖြင့်

ဒါရိုက်တာ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.